# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၂၆
## ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
## ( ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက် )

## မြေပဲဆန်၏ အရည်အသွေးသတ်မှတ်သည့်အမိန့်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဈေးကွက်အတွင်း မြေပဲဆန်ရောင်းဝယ်ဖောက်ကားရာတွင် အရည်အသွေး တစ်သမတ်တည်းဖြစ်စေရန်အလို့ငှာ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ မြေပဲဆန်ကို အောက်ပါအတိုင်း အတန်းအစား သုံးမျိုး သတ်မှတ်သည်-

(က) အထူးအတန်းအစား၊

(ခ) ပထမအတန်းအစား၊

(ဂ) ဒုတိယအတန်းအစား။

၂။ အထူးအတန်းအစား မြေပဲဆန်သည် ပထမအတန်းအစားနှင့် ဒုတိယအတန်းအစား မြေပဲဆန်တို့ထက် ပို၍ အရည်အသွေးကောင်းမွန်ရမည်။ အထူးအတန်းအစား မြေပဲဆန် ၁၀၀ ဂရမ်တွင် အပြစ်အနာအဆာ ပါဝင်နိုင်မှု ရာခိုင်နှုန်းကို အောက်ပါအတိုင်း သတ်မှတ်သည်-

| | | |
|---|---|---|
| (က) | မြေပဲဆန်၏ အသားပိုင်း မာကြောခြင်း၊ အကြည်ရောင်ဖြစ်ခြင်း သို့မဟုတ် အရောင်ပျက်ခြင်း | - ၀.၅ ရာခိုင်နှုန်း |
| (ခ) | ရှုံ့တွတွန့်လိမ်ပြီး ပြည့်ဝစွာ ဖွံ့ဖြိုးမှု မရှိဘဲ သေးငယ်ခြင်း | - ၀.၅ ရာခိုင်နှုန်း |
| (ဂ) | အင်းဆက်နှင့် ပိုးကိုက်မှုကြောင့် ပျက်စီးခြင်း | - ၀ ရာခိုင်နှုန်း |
| (ဃ) | ကြိတ်ခွဲခြင်းကြောင့် ပျက်စီးခြင်း | - ၀.၅ ရာခိုင်နှုန်း |
| (င) | အညှောင့်ပေါက်ခြင်း | - ၀ ရာခိုင်နှုန်း |
| (စ) | မြေပဲ၏ အသားပိုင်းတွင် အဝါရင့်ရောင်ဖြစ်ခြင်း သို့မဟုတ် အဝါရောင် အပေါက်ငယ်များဖြစ်ခြင်း | - ၀ ရာခိုင်နှုန်း |
| (ဆ) | မြေပဲဆန်အခွံသည် အပြာရင့်၊ မီးခိုးရင့်၊ အညိုရင့်အရောင်များ ဖြစ်ခြင်းနှင့် မြေပဲဆန်၏ လေးပုံတစ်ပုံထက် မပိုသော အခွံအရောင် ပျက်စီးခြင်း | - ၁ ရာခိုင်နှုန်း |
| (ဇ) | မြေပဲဆန်ခွဲခြမ်းပါဝင်ခြင်းနှင့် ကျိုးပဲ့ခြင်း | - ၃ ရာခိုင်နှုန်း |
| (ဈ) | မှိုစွဲခြင်းနှင့် ဆီချေးနံ့ရပြီးအချဉ်ပေါက်ခြင်း | - ၀ ရာခိုင်နှုန်း |

၃။ အထူးအတန်းအစား မြေပဲဆန်၏ အရွယ်အစားသည် မြေပဲဆန်တစ်စေ့ချင်း၏ အချင်း ၈ မီလီမီတာနှင့်အထက် သို့မဟုတ် မြေပဲဆန်အလေးချိန် ၁၀၀ ဂရမ်တွင် မြေပဲဆန် ၂၀ စေ့နှင့် အောက်ရှိရမည်။ ယင်းသတ်မှတ်ချက်အပေါ် ၃ ရာခိုင်နှုန်းထိ ကွဲလွဲနိုင်သည်။

၄။ ပထမအတန်းအစားမြေပဲဆန်သည် ဒုတိယအတန်းအစား မြေပဲဆန်ထက် ကောင်းမွန်သောအရည်အသွေး ရှိရမည်။ ပထမအတန်းအစား မြေပဲဆန် ၁၀၀ ဂရမ်တွင် အပြစ်အနာအဆာပါဝင်နိုင်မှု ရာခိုင်နှုန်းကို အောက်ပါအတိုင်း သတ်မှတ်သည်-

| | | |
|---|---|---|
| (က) | မြေပဲဆန်၏ အသားပိုင်း မာကြောခြင်း၊ အကြည်ရောင်ဖြစ်ခြင်း သို့မဟုတ် အရောင်ပျက်ခြင်း | - ၁.၅ ရာခိုင်နှုန်း |
| (ခ) | ရှုံ့တွတွန့်လိမ်ပြီး ပြည့်ဝစွာ ဖွံ့ဖြိုးမှုမရှိဘဲ သေးငယ်ခြင်း | - ၁ ရာခိုင်နှုန်း |
| (ဂ) | အင်းဆက်နှင့် ပိုးကိုက်မှုကြောင့် ပျက်စီးခြင်း | - ၁ ရာခိုင်နှုန်း |
| (ဃ) | ကြိတ်ခွဲခြင်းကြောင့် ပျက်စီးခြင်း | - ၁ ရာခိုင်နှုန်း |
| (င) | အညှောင့်ပေါက်ခြင်း | - ၁ ရာခိုင်နှုန်း |
| (စ) | မြေပဲ၏ အသားပိုင်းတွင် အဝါရင့်ရောင်ဖြစ်ခြင်း သို့မဟုတ် အဝါရောင် အပေါက်ငယ်များဖြစ်ခြင်း | - ၂ ရာခိုင်နှုန်း |
| (ဆ) | မြေပဲဆန်အခွံသည် အပြာရင့်၊ မီးခိုးရင့်၊ အညိုရင့်အရောင်များ ဖြစ်ခြင်းနှင့် မြေပဲဆန်၏ လေးပုံတစ်ပုံထက် မပိုသော အခွံအရောင် ပျက်စီးခြင်း | - ၃ ရာခိုင်နှုန်း |
| (ဇ) | မြေပဲဆန်ခွဲခြမ်းပါဝင်ခြင်းနှင့် ကျိုးပဲ့ခြင်း | - ၅ ရာခိုင်နှုန်း |
| (ဈ) | မှိုစွဲခြင်းနှင့် ဆီချေးနံ့ရပြီးအချဉ်ပေါက်ခြင်း | - ၁ ရာခိုင်နှုန်း |

၅။ ပထမအတန်းအစား မြေပဲဆန်၏ အရွယ်အစားသည် မြေပဲဆန်တစ်စေ့ချင်း၏ အချင်း ၇ မီလီမီတာ မှ ၈ မီလီမီတာထိ သို့မဟုတ် မြေပဲဆန်အလေးချိန် ၁၀၀ ဂရမ်တွင် မြေပဲဆန် ၂၀ စေ့မှ ၅၀ စေ့ထိရှိရမည်။ ယင်းသတ်မှတ်ချက်အပေါ် ၅ ရာခိုင်နှုန်းထိ ကွဲလွဲနိုင်သည်။

၆။ ဒုတိယအတန်းအစားမြေပဲဆန်သည် ကောင်းမွန်သော အရည်အသွေးရှိရမည်။ ဒုတိယအတန်း အစား မြေပဲဆန် ၁၀၀ ဂရမ်တွင် အပြစ်အနာအဆာပါဝင်နိုင်မှု ရာခိုင်နှုန်းကို အောက်ပါအတိုင်း သတ်မှတ်သည်-

| | | |
|---|---|---|
| (က) | မြေပဲဆန်၏ အသားပိုင်း မာကြောခြင်း၊ အကြည်ရောင်ဖြစ်ခြင်း သို့မဟုတ် အရောင်ပျက်ခြင်း | - ၃ ရာခိုင်နှုန်း အောက် |
| (ခ) | ရှုံ့တွတွန့်လိမ်ပြီး ပြည့်ဝစွာ ဖွံ့ဖြိုးမှု မရှိဘဲ သေးငယ်ခြင်း | - ၂ ရာခိုင်နှုန်း |
| (ဂ) | အင်းဆက်နှင့် ပိုးကိုက်မှုကြောင့် ပျက်စီးခြင်း | - ၂ ရာခိုင်နှုန်း |
| (ဃ) | ကြိတ်ခွဲခြင်းကြောင့် ပျက်စီးခြင်း | - ၂ ရာခိုင်နှုန်း |

| | | | |
|---|---|---|---|
| (င) | အညှောင့်ပေါက်ခြင်း | - | ၂ ရာခိုင်နှုန်း |
| (စ) | မြေပဲ၏ အသားပိုင်းတွင် အဝါရင့်ရောင်ဖြစ်ခြင်း သို့မဟုတ် အဝါရောင် အပေါက်ငယ်များဖြစ်ခြင်း | - | ၃ ရာခိုင်နှုန်း |
| (ဆ) | မြေပဲဆန်အခွံသည် အပြာရင့်၊ မီးခိုးရင့်၊ အညိုရင့်အရောင်များ ဖြစ်ခြင်းနှင့် မြေပဲဆန်၏ လေးပုံတစ်ပုံထက် မပိုသော အခွံအရောင် ပျက်စီးခြင်း | - | ၅ ရာခိုင်နှုန်း |
| (ဇ) | မြေပဲဆန်ခွဲခြမ်းပါဝင်ခြင်းနှင့် ကျိုးပဲ့ခြင်း | - | ၁၀ ရာခိုင်နှုန်း |
| (ဈ) | မှိုစွဲခြင်းနှင့် ဆီချေးနံ့ရပြီးအချဉ်ပေါက်ခြင်း | - | ၂ ရာခိုင်နှုန်း |

၇။ ဒုတိယအတန်းအစား မြေပဲဆန်၏ အရွယ်အစားသည် မြေပဲဆန်တစ်စေ့ချင်း၏ အချင်း ၆ မီလီ မီတာမှ ၇ မီလီမီတာထိ သို့မဟုတ် မြေပဲဆန်အလေးချိန် ၁၀၀ ဂရမ်တွင် မြေပဲဆန် ၅၀ စေ့မှ ၁၅၀ စေ့ထိ ရှိရမည်။ ယင်းသတ်မှတ်ချက်အပေါ် ၅ ရာခိုင်နှုန်းထိ ကွဲလွဲနိုင်သည်။

၈။ ပထမအတန်းအစားနှင့် ဒုတိယအတန်းအစား မြေပဲဆန်တို့သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) အဆန်ပြည့်ဖြစ်ရမည်၊

(ခ) မြေပဲအမျိုးအစား (မျိုးရင်း) ၏ သိသာသောပင်ကိုယ်လက္ခဏာရှိရမည်၊

(ဂ) ခြောက်သွေ့ရမည်၊

(ဃ) အစိုဓာတ်သည် မြေပဲဆန်တွင် အမြင့်ဆုံး ၈ ရာခိုင်နှုန်းထက် မကျော်လွန်စေရ၊

(င) သန့်ရှင်းမှုရှိရမည်။ မြင်နိုင်သောပြင်ပအရာဝတ္ထုများပါဝင်မှုကင်းရှင်းရမည်၊

(စ) ကောင်းမွန်သော အနေအထားရှိရမည်။ အရည်အသွေးထိခိုက်မှုနှင့် ယိုယွင်းမှုကြောင့် စားသုံးရန်မသင့်လျော်သော အနေအထားမှ ကင်းရမည်၊

(ဆ) မြေပဲ၏ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုကင်းရမည်၊

(ဇ) ပုံမှန်မဟုတ်သော ပြင်ပအစိုဓာတ်မှ ကင်းရမည်၊

(ဈ) မိုင်ကိုတော့စင် (Mycotoxin) မှိုအဆိပ်သင့်မှုကင်းရမည်၊

(ည) ဖျက်ပိုးကင်းရမည်၊

(ဋ) ပြင်ပမှ အနံ့နှင့် အရသာပါဝင်မှုကင်းရမည်။

၉။ မြေပဲဆန်သည် နိုင်ငံတကာအစားအသောက်စံချိန်စံညွှန်းကော်မရှင် (CODEX Alimentarius commission) ကဖြစ်စေ၊ အာဆီယံက တစ်ပြေးညီသတ်မှတ်ထားသည့် ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံးပါဝင်မှုကန့်သတ်ချက်များ (ASEAN Harmonized MRLs for Pesticides) ကဖြစ်စေ သို့မဟုတ် နှစ်ဖွဲ့လုံးကဖြစ်စေ သတ်မှတ်ထားသော ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံးပါဝင်မှု ကန့်သတ်ချက်နှင့်အညီ ဖြစ်ရမည်။

၁၀။ မြေပဲဆန်သည် နိုင်ငံတကာအစားအသောက် စံချိန်စံညွှန်းကော်မရှင်(Codex Alimentarius Commission) က ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံကဖြစ်စေ ထုတ်ပြန်ထားသော အခြားညစ်ညမ်းပစ္စည်းများ (Other Contaminants) အမြင့်ဆုံးပါဝင်မှုကန့်သတ်ချက်နှင့် ကိုက်ညီရမည်။

(ပုံ)

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ /၂ - ၃၇ /၂၀၂၆ ( ၅၂ )
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | **မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန်** |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံထပ်မံဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

အောင်သွင်ဦး

အမြဲတမ်းအတွင်းဝန်